## 1 တိုင်ကြားခြင်းဆိုင်ရာ အကာအကွယ်များကို ရယူနည်း

### အဆင့် 1။ အကြံဉာဏ်ရယူပါ

အလုပ်ခွင်တွင် အခွင့်အရေးများ မတရားယူခံခဲ့ရခြင်းကိစ္စအတွက် အကူအညီရယူရန် အလုပ်သမား သမဂ္ဂ၊ ရပ်ရွာဥပဒေရေးရာဌာန သို့မဟုတ် အသိအမှတ်ပြု လက်မှတ်ရ ကြားနေအဖွဲ့အစည်းကို ဆက်သွယ်ပါ။

## 2 အဆင့် 2။ ထောက်ခံချက်ကို ရယူပါ

သင် အခွင့်အရေးများ မတရားယူခံခဲ့ရခြင်းကိစ္စကို ပါဝင်သော အစိုးရ ကိုယ်စားလှယ်အဖွဲ့အစည်း သို့မဟုတ် အသိအမှတ်ပြု လက်မှတ်ရ ကြားနေ အဖွဲ့အစည်းက ဟုတ်မှန်ကြောင်း ထောက်ခံရပါမည်။

qldmigrantworkwise.com/atp

## 3 အဆင့် 3။ ပြည်ထဲရေးဝန်ကြီးဌာနကို အကြောင်းကြားပါ

Strengthening Reporting Protection (တိုင်ကြားရန် အားဖြည့်ပေးသည့် ကာကွယ်ပေး ဥပဒေများ) အတွက် တောင်းဆိုမှု လုပ်ငန်းစဉ် ပုံစံကို ဖြည့်စွက်ပြီး ထောက်ခံစာနှင့်အတူ ပူးတွဲတင်ပါ။

## 4 အဆင့် 4။ အသိရှိရှိနေပါ

ပြည်ထဲရေးဝန်ကြီးဌာနက ထပ်မံသိရှိလိုစရာများရှိပါက သင့်အား ဆက်သွယ်ပါလိမ့်မည်။ သင်သည် သတ်မှတ်ထားသည့် စံများနှင့် ကိုက်ညီပါက သင်၏ ဗီဇာကို ဖျက်သိမ်းမည်မဟုတ်ပါ။

### အရေးကြီးသည်

- သင်၏ ဗီဇာစည်းကမ်းချက်များကို နောက်နောင် လိုက်နာရန် သင် တာဝန်ခံယူရပါမည်။
- ထောက်ခံစာသည် ပြဿနာကို သင်ဖြေရှင်းနေခြင်းအတွက် ခိုင်လုံသော အထောက်အထားဖြစ်သည်။
- အကယ်၍ သင်သည် သတ်မှတ်ထားသည့် စံများနှင့် ကိုက်ညီပါက သင် ဗီဇာ ချိုးဖောက်ခြင်းသည် နောင် ဗီဇာလျှောက်လွှာများကို ထိခိုက်စေမည် မဟုတ်ပါ။

Queensland Migrant WorkWise

This material was developed with funding from the Australian Government.



## အလုပ်ခွင်မှာ အခွင့်အရေးများ မတရား ယူခံခဲ့ရသလား။

## ၎င်းကိုတိုင်ကြားပါက သင့် ဗီဇာကို ဖျက်သိမ်းမခံရရန် ကာကွယ်ပေးနိုင်ပါသည်။

# Strengthening Reporting Protections (SRP) (တိုင်ကြားရန် အားဖြည့်ပေးသည့် ကာကွယ်ပေး ဥပဒေများ) အကြောင်းကို မေးမြန်းပါ။

Queensland Migrant WorkWise



မြန်မာဘာသာစကား

ဩစတြေးလျားအစိုးရသည် အလုပ်ခွင်တွင် အခွင့်အရေးများ မတရားယူခံခဲ့ကြရသော ယာယီဗီဇာကိုင်ဆောင်ထားကြသူများအတွက် ကာကွယ်မှုအသစ်များကို ထုတ်ပြန်ခဲ့သည်။ ဤအကာအကွယ်များသည် ဗီဇာဖျက်သိမ်းခံရမည်ကို မစိုးရိမ်ရဘဲ အခွင့်အရေးများ မတရားယူခံခဲ့ရခြင်းများကို တိုင်ကြားရာတွင် သင့်အား ထောက်ကူပေးရန် ပုံစံထုတ်ထားပါသည်။

## ဗီဇာဖျက်သိမ်း မခံရမည့် အာမခံချက်အတွက် သင် အရည်အချင်းပြည့်မီနိုင်မည်မှာ အကယ်၍ သင်သည်၊

- **တို့ကဲ့သို့သော အလုပ်လုပ်ခွင့်ရှိသည့် ယာယီဗီဇာကို ကိုင်ဆောင်ထားလျှင်၊**
  - ကျောင်းသား ဗီဇာ (အမျိုးအစားခွဲ 500)
  - အပျော်ခရီးထွက် အလုပ် ဗီဇာ (အမျိုးအစားခွဲ 417)
  - အလုပ်နှင့် အပျော်ခရီး ဗီဇာ (အမျိုးအစားခွဲ 462)
  - အလုပ် (ကျွမ်းကျင်မှု) ယာယီဗီဇာ (အမျိုးအစားခွဲ 457)၊
  - ကျွမ်းကျင်မှု ပြတ်လပ်ခြင်းအတွက် ယာယီဗီဇာ (အမျိုးအစားခွဲ 482)
  - ကျွမ်းကျင်မှု လိုအပ်ခြင်းဆိုင်ရာ ဗီဇာ (အမျိုးအစားခွဲ 482)
  - ယာယီအလုပ် (နိုင်ငံတကာဆက်ဆံရေး) ဗီဇာ (အမျိုးအစားခွဲ 403)
- အလုပ်ခွင်တွင် အခွင့်အရေးများ မတရားယူခံခဲ့ရခြင်းကြောင့် **အလုပ်နှင့် ပတ်သက်သည့် ဗီဇာစည်းကမ်းချက်ကို** ချိုးဖောက်ခဲ့လျှင်၊
- **လွန်ခဲ့သော 12 လအတွင်း** အခွင့်အရေးများ မတရားယူခံခဲ့ရလျှင်၊
- **ပါဝင်သော အစိုးရ ကိုယ်စားလှယ်အဖွဲ့အစည်း** သို့မဟုတ် **အသိအမှတ်ပြု လက်မှတ်ရ ကြားနေအဖွဲ့အစည်း**ထံမှ အကူအညီတောင်းခံထားလျှင်၊
- နောင်တွင် သင်၏ **ဗီဇာစည်းကမ်းချက်များကို လိုက်နာရန်** စာရေး သဘောတူလျှင်တို့ဖြစ်သည်။

> သဘောတူလျှင်တို့ဖြစ်သည်။ ဤအခြေအနေများတွင် သင်၏ ဗီဇာကို မဖျက်သိမ်းမည့် အာမခံချက် ရနိုင်ခွင့်ရှိမည်။ ဆိုလိုသည်မှာ သင် ဗီဇာစည်းကမ်းချက်များကို ချိုးဖောက်ခဲ့လျှင်ပင် သင့်ဗီဇာကို ဦးစီးဌာနမှ မဖျက်သိမ်းရပါ။



## သင် ဗီဇာဖျက်သိမ်းမခံရမည့် အကာအကွယ်ရနိုင်ဆဲဖြစ်မည်မှာ၊ အကယ်၍ သင်သည်၊

- **မည်သည့်ယာယီဗီဇာ တစ်ခုခု** (Bridging Visa အပါအဝင်) ကိုမဆို ကိုင်ဆောင်ထားလျှင်၊
- အလုပ်ခွင်တွင် အခွင့်အရေးများ မတရားယူခံခဲ့ရခြင်းကြောင့် **ဗီဇာ၏ ဗီဇာစည်းကမ်းချက် တစ်စုံတစ်ရာ**ကို ချိုးဖောက်ခဲ့လျှင်၊
- **ပါဝင်သော အစိုးရ ကိုယ်စားလှယ်အဖွဲ့အစည်း** သို့မဟုတ် **အသိအမှတ်ပြု လက်မှတ်ရ ကြားနေအဖွဲ့အစည်း**ထံမှ အကူအညီ တောင်းခံထားလျှင်၊
- နောင်တွင် သင်၏ **ဗီဇာစည်းကမ်းချက်များကို လိုက်နာရန်** စာရေး

> သဘောတူလျှင်တို့ဖြစ်သည်။ ဤအခြေအနေများတွင် သင့်ဗီဇာကို ဖျက်သိမ်းရန် ဆုံးဖြတ်ရာ၌ ဌာနသည် အလုပ်ခွင်တွင် အခွင့်အရေးများ မတရားယူခံခဲ့ရမှုဆိုင်ရာ အထောက်အထားများကို ထည့်သွင်းစဉ်းစားရပါမည်။ ဗီဇာဖျက်သိမ်းမခံရရန် ကာကွယ်ပေးနိုင်ဆဲဖြစ်ပေမည့် ၎င်းကိုတော့ အာမခံမည်မဟုတ်ပါ။

## အလုပ်ခွင်တွင် အခွင့်အရေးများ မတရားယူခံခဲ့ရခြင်း၏ သတ်မှတ်ချက်များ။

အခွင့်အရေးများ မတရားယူခံခဲ့ရခြင်းကို ကြုံတွေ့ရနိုင်ပုံမှာ အကယ်၍

- သင့်လစာကို မှန်ကန်စွာ (သို့မဟုတ် လုံးဝ) မပေးခဲ့လျှင်၊
- အလုပ်တစ်ခုအတွက် ငွေပေးရန် ဖိအားပေးခံခဲ့ရလျှင်၊
- ဘေးအန္တရာယ် မကင်းသော အခြေအနေများတွင် သင် အလုပ်လုပ်ခဲ့ရလျှင်၊
- သင်သည် လိင်ပိုင်းအရ နှောင့်ယှက်ပေးခံခဲ့ရလျှင်၊
- သင့်အလုပ်ရှင်က သင်၏ဗီဇာကို ဖျက်သိမ်းမည်ဟု ခြိမ်းခြောက်ခံခဲ့ရလျှင်၊
- သင် မတရား အလုပ်ထုတ်ခံခဲ့ရလျှင်၊
- သင်သည် ဝန်ထမ်းတစ်ဦးဖြစ်သင့်ပါလျက် သင့်အား **ABN** ကို အဓမ္မ ယူခိုင်းခဲ့လျှင်တို့ဖြစ်သည်။


QUEENSLAND MIGRANT WORKWISE    QLDMIGRANTWORKWISE.COM